ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

# ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်

# (Environmental Compliance Certificate - ECC)

သက်သေခံလက်မှတ်အမှတ်။ ECC( ၁၂၇၂ ) ရက်စွဲ။ ၂၀၂၅ ခုနှစ်၊ မေ လ ၁၆ ရက်

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ(ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်၉/၂၀၁၂)နှင့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း(အမိန့်ကြော်ငြာစာအမှတ် ၆၁၆/၂၀၁၅)တို့အရ နောက်ဆက်တွဲ(က)တွင် ဖော်ပြထားသော အဆိုပြုစီမံကိန်းအား နောက်ဆက်တွဲ(ခ)ပါ စည်းကမ်းချက်များကို လိုက်နာ ဆောင်ရွက်စေလျက် ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် (Environmental Compliance Certificate - ECC)ကို ထုတ်ပေးလိုက်သည်-

| | | |
|---|---|---|
| (က) | **စီမံကိန်းအဆိုပြုသူ** | - ဦးသိန်းဟန်<br>မန်နေးဂျင်းဒါရိုက်တာ |
| (ခ) | **ဆက်သွယ်ရန်လိပ်စာ** | - ထီးဒေးစတားကုမ္ပဏီလီမိတက်<br>အမှတ်(၂၁၂)၊ ခွာညိုလမ်း၊ မင်္ဂလာရပ်ကွက်၊ လှိုင်ကော်မြို့။<br>၀၉-၅၆၀၀၄၀၄၉၊ ၀၉-၅၆၀၀၄၃၄ |
| (ဂ) | **စီမံကိန်းအမျိုးအစား** | - ခဲသတ္တုသန့်စင်စက်ရုံလုပ်ငန်း |
| (ဃ) | **စီမံကိန်းကာလ** | - အခွင့်အမိန့်ရ အဖွဲ့အစည်းက ခွင့်ပြုသည့်ကာလ |
| (င) | **စီမံကိန်း၏ အရွယ်အစား** | - ၂ ဧက |
| (စ) | **စီမံကိန်းတည်နေရာ** | - ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လင်းခေးခရိုင်၊ မောက်မယ်မြို့နယ်၊ ကဒူးကြီးဒေသ။ |
| (ဆ) | ECC **သက်တမ်း(၅)နှစ်** | - စတင်ထုတ်ပေးရက် - ၂၄-၃-၂၀၂၅<br>သက်တမ်းကုန်ဆုံးရက် - ၂၃ -၃-၂၀၃၀ |
| (ဇ) | **အတည်ပြုအစီရင်ခံစာ** | - ညွှန်ကြားရေးမှူးရုံး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ရှမ်းပြည်နယ်၏ ၂၂-၁၁-၂၀၂၄ ရက်စွဲပါ စာအမှတ် ပတ်ဝန်းကျင်/ စက်မှု(၃၈၈၀/၂၀၂၄) **"ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း(IEE)အစီရင်ခံစာ"** |



၁၆.၅.၂၀၂၅

ပြည်ထောင်စုဝန်ကြီး(ကိုယ်စား)

(လှမောင်သိန်း၊ အမြဲတမ်းအတွင်းဝန်)

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

**စည်းကမ်းချက်များ**

၁။ စီမံကိန်းအဆိုပြုသူသည် အောက်ပါစည်းကမ်းချက်များကို လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်ရမည်-

(က) ဤသက်သေခံလက်မှတ်၏ နောက်ဆက်တွဲပါ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ရန်၊

(ခ) ပတ်ဝန်းကျင်နှင့်လူမှုဆိုင်ရာ ဆိုးကျိုးသက်ရောက်မှုများကို ကြိုတင်ကာကွယ်ရေး၊ အနိမ့်ဆုံး ဖြစ်စေရေးနှင့် ထိခိုက်မှုများကို ပြန်လည်ကုစားရေး ဆောင်ရွက်ပေးရန်၊

(ဂ) စီမံကိန်းအဆိုပြုသူ၏ စီမံကိန်းဆိုင်ရာ ကတိကဝတ်များနှင့် လိုက်နာထမ်းဆောင်ရမည့် တာဝန်များကို သတ်မှတ်ရန်၊

(ဃ) လက်ခံနိုင်သော ပတ်ဝန်းကျင်အရည်အသွေး ဖြစ်စေရေးအတွက် စံချိန်စံညွှန်းများနှင့် အရည်အသွေးတိုင်းတာရေးနည်းလမ်းများ သတ်မှတ်ရန်၊

(င) စောင့်ကြပ်ကြည့်ရှုခြင်းနှင့် အစီရင်ခံခြင်းတို့ကို ပုံမှန်ဆောင်ရွက်စေရန်၊

(စ) စီမံကိန်းတွင် စဉ်ဆက်မပြတ် ဆောင်ရွက်သွားရမည့် ပတ်ဝန်းကျင်စီမံခန့်ခွဲရေး အစီအမံတစ်ရပ်ကို ရေးဆွဲဆောင်ရွက်ရန်၊

(ဆ) စောင့်ကြပ်ကြည့်ရှုမှု အစီရင်ခံစာအား (၆)လတစ်ကြိမ် ရေးဆွဲတင်ပြရန်၊

(ဇ) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းအရွယ်အစား၊ တည်နေရာ၊ ဆက်သွယ်ရန်လိပ်စာ၊ လုပ်ငန်းဆောင်ရွက်မှု ရှိ/မရှိ အခြေအနေများ ပြောင်းလဲမှုရှိပါက ဝန်ကြီးဌာနသို့ ဆက်သွယ်အကြောင်းကြားရန်၊

(ဈ) ဤဝန်ကြီးဌာနမှ အခါအားလျော်စွာ ထုတ်ပြန်သောအမိန့်၊ ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ရန်၊

(ည) ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သည် လုပ်ငန်းဆောင်ရွက်ရန်အတွက် ခွင့်ပြုမိန့်ထုတ်ပေးခြင်း မဟုတ်ဘဲ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ စည်းကမ်းချက်များအား လိုက်နာဆောင်ရွက်ရန် ဖြစ်ပြီး မြေအသုံးပြုခွင့်နှင့် လုပ်ငန်းဆောင်ရွက်ခွင့်ပြုမိန့် တို့နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ဝန်ကြီးဌာန သို့မဟုတ် အခွင့်အမိန့်ရအဖွဲ့အစည်းများ၏ မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်း၊ လမ်းညွှန်ချက်များနှင့်အညီ ရယူလိုက်နာဆောင်ရွက်ရန်၊

(ဋ) ဤသက်သေခံလက်မှတ်သည် လုပ်ငန်းပိုင်ဆိုင်မှုနှင့် သက်ဆိုင်ခြင်းမရှိစေရ။

၂။ သက်ဆိုင်ရာခွင့်ပြုမိန့် ထုတ်ပေးသည့်ဌာနမှ ခွင့်ပြုမိန့် ပယ်ဖျက်လျှင်သော်လည်းကောင်း၊ သက်တမ်းတိုးပေးခြင်း မရှိလျှင်သော်လည်းကောင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် သက်တမ်းရှိစေကာမူ ဤသက်သေခံလက်မှတ်၏ သက်တမ်းသည်လည်း အလိုအလျောက် ကုန်ဆုံးသည်ဟု မှတ်ယူရမည်။

နောက်ဆက်တွဲ(က)

**ထီးဒေးစတားကုမ္ပဏီလီမိတက်မှ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လင်းခေးခရိုင်၊ မောက်မယ်မြို့နယ်၊ ကဒူးကြီးဒေသအနီးရှိ မြေဧရိယာ ၂ ဧကတွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် ခဲသတ္တုသန့်စင်စက်ရုံလုပ်ငန်း၏ စီမံကိန်းအကြောင်းအရာဖော်ပြချက်**

၁။ ထီးဒေးစတားကုမ္ပဏီလီမိတက်မှ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လင်းခေးခရိုင်၊ မောက်မယ်မြို့နယ်၊ ကဒူးကြီးဒေသအနီးရှိ မြေဧရိယာ ၂ ဧကတွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် ခဲသတ္တုသန့်စင်ထုတ်လုပ်ခြင်းလုပ်ငန်းအတွက် ညွှန်ကြားရေးမှူးရုံး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ရှမ်းပြည်နယ်၏ ၂၂-၁၁-၂၀၂၄ ရက်စွဲပါ စာအမှတ်၊ ပတ်ဝန်းကျင်/စက်မှု(၃၈၈၀/ ၂၀၂၄)ဖြင့် တင်ပြခဲ့သည့် အပြီးသတ် ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း(IEE)အစီရင်ခံစာကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်(Environmental Compliance Certificate – ECC) ထုတ်ပေးခြင်း ဖြစ်ပါသည်။

၂။ **စီမံကိန်းအဆိုပြုသူ။** ဦးသိန်းဟန်၊ မန်နေးဂျင်းဒါရိုက်တာ၊ ထီးဒေးစတားကုမ္ပဏီလီမိတက်၊ အမှတ်(၂၁၂)၊ ခွာညိုလမ်း၊ မင်္ဂလာရပ်ကွက်၊ လွိုင်ကော်မြို့၊ ၀၉-၅၆၀၀၄၀၄၉၊ ၀၉-၅၆၀၀၄၃၄ ဖြစ်ပါသည်။


၃။ **စီမံကိန်းဆောင်ရွက်ပုံအဆင့်ဆင့်။** လုပ်ငန်းစဉ်ဆောင်ရွက်မှုအနေဖြင့် ခဲသတ္တုသန့်စင်ထုတ်လုပ်ရာတွင် အမြှုပ်ဖော်သန့်စင်နည်းစနစ်ဖြင့် ဆောင်ရွက်မည် ဖြစ်ပါသည်။ သတ္တုရိုင်းများကို ကျောက်ကြိတ်ခွဲစက်ဖြင့် ခွဲကြိတ်ပြီး အမြှုပ်ဖော်သန့်စင်စက်ရုံသို့ ပို့ဆောင်ပြီး ကြိတ်ခွဲစက်မှ ထွက်ရှိလာသော ခဲသတ္တုရိုင်းများကို Ore Bin မှ ခွက်ထဲတွင် စုထည့်ပြီး Swing Feeder သတ္တုရိုင်းများကို ဖွင့်ချပေးပြီး Swing Feeder ဖြင့် ဖွင့်ချလာသော သတ္တုရိုင်းများအား Ball Mill အတွင်း ဝင်ရောက်ပြီး ရေနှင့် Ball Mill အတွင်းတွင် 90 mm ရှိ သံလုံးများ ထည့်သွင်းပြီး သတ္တုရိုင်းများကို အမှုန့်အဖြစ် ကြိတ်ခွဲခြင်း၊ Ball Mill အတွင်း အမှုန့်အဖြစ် ကြိတ်ပြီးသော သတ္တုရိုင်းများကို ဇကာဖြင့်ခံပြီး အပြင်ဘက်သို့ ထွက်ရှိလာသော သတ္တုရိုင်းမှုန့်များကို Classified မှတစ်ဆင့် သယ်သွားပြီး အမှုန့်အဖြစ် ထွက်ရှိလာသော သတ္တုရိုင်းအရည်များကို Classifier မှ တစ်ဆင့် ရောမွှေစက်အတွင်း မစီးဆင်းမီ ဓာတုနှစ်မျိုးဖြစ်သော Leadnitrate နှင့် Aero float dithio phorprastate ဖြင့် ဓာတုဖျော်ရည် ရောစပ်ထည့်သွင်း၍ ရောမွှေစက်အတွင်း ရောမွှေစေပြီး Floatation Cell ကန်တွင်း ဝင်ရောက်စေခြင်းနှင့် Floatation Cell ကန်တွင်းမှ အမြှုပ်အဖြစ် ထွက်ရှိလာသော Concentrate စုကန်အတွင်းတွင် စုပုံ၍သန့်စင်ပြီး ခဲများအား ခဲစုကန်တွင် စုဆောင်းသိမ်းဆည်းမည် ဖြစ်ပါသည်။ တန်ချိန် ၇ % မှ ၁၀ % ပါဝင်သော ခဲသတ္တုရိုင်းတန်ချိန် တစ်လလျှင် ၂၀၀ တန် အသုံးပြု၍ တစ်လလျှင် ၂၀၀ တန်နှင့် Pb ၃၀ % ရှိ ခဲသတ္တုသန့်စင် ၁၅ မက်ထရစ်တန်ခန့်နှင့် တစ်နှစ်လျှင် Pb ၃၀ % ရှိ ခဲသတ္တု သန့်စင် ၁၈၀ မက်ထရစ်တန် ထုတ်လုပ်မည် ဖြစ်ပါသည်။

၄။ **အသုံးပြုကုန်ကြမ်းပစ္စည်းများ။** အဆိုပြုစီမံကိန်းတွင် အဓိကကုန်ကြမ်းများကို ကုမ္ပဏီ၏ တူးဖော် ထုတ်လုပ်ခွင့်ရ လုပ်ကွက်များမှ ကုန်ကြမ်းများကို အသုံးပြုမည်ဖြစ်ပြီး ပျမ်းမျှခဲပါဝင်မှု တန်ချိန် ၇ % မှ ၁၀ % ပါဝင်သော ခဲသတ္တုရိုင်းတန်ချိန် တစ်လလျှင် ၂၀၀ တန် အသုံးပြုမည် ဖြစ်ပါသည်။ စက်ယန္တရား အသုံးပြုမှုအနေဖြင့် 450 KW ၈ လုံးထိုး အင်ဂျင်(၁)လုံး၊ Jaw Crusher 11 kW motor(၁)လုံး၊ Ball Mill Motar 11 kW motor(၁)လုံး၊ Cell Line 3 kW motor(၆)လုံး၊ ရေတွန်းစက် 5kW motor(၂)လုံး၊ Blower(Fan)(၁)လုံးနှင့် Backhoe ၁ စီး အသုံးပြုမည် ဖြစ်ပါသည်။ ခဲသတ္တုရေဆေးကန်လုပ်ငန်းတွင် ရေအားကိုအသုံးပြု၍ ခဲသတ္တုနှင့် မြေစာခွဲခြားမည့် နည်းစဉ်ကို အသုံးပြုမည်ဖြစ်၍ ဓာတုပစ္စည်း သုံးစွဲမှု မရှိခြင်းနှင့် ရေပန်းထိုးခဲသတ္တု ရေဆေး သန့်စင်ခြင်းအတွက် ပေါက်ပြား၊ ပေါက်တူး၊ နော်ဇယ်ခေါင်းတပ်(၂)လက်မရေပိုက်များအား အသုံး ပြုမည်ဖြစ်ပါသည်။ ရေအသုံးပြုမှုအနေဖြင့် မိုးရာသီကာလတွင် မိုးရေစုဆောင်းခြင်း၊ သောက်သုံး ရေအား ပြင်ပမှ ဝယ်ယူသုံးစွဲခြင်းနှင့် အဝီစိတွင်းရေတို့မှ တစ်နေ့လျှင် ဝန်ထမ်းသုံးရေ ၂၅,၄၀၀ ဂါလန်၊ သောက်ရေ ၆,၀၀၀ ဂါလန်နှင့် လုပ်ငန်းသုံးရေ ၄၀၀,၀၀၀ ဂါလန်ခန့် သုံးစွဲမည် ဖြစ်ပါသည်။ လောင်စာဆီအသုံးပြုမှုအနေဖြင့် တစ်နေ့လျှင် ဒီဇယ်(၄,၅၀၀)ဂါလန်နှင့် စက်ဆီ/ ချောဆီ ၁၅၀ ဂါလန်ခန့် သုံးစွဲမည် ဖြစ်ပါသည်။ တစ်ရက်လျှင် အလုပ်လုပ်ချိန်(၈)နာရီနှုန်း ဝန်ထမ်းအင်အား (၂၁)ဦးဖြင့် ဆောင်ရွက်မည် ဖြစ်ပါသည်။

၅။ **စီမံကိန်းတည်နေရာ။** စီမံကိန်းတည်နေရာမှာ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လင်းခေးခရိုင်၊ မောက်မယ်မြို့နယ်၊ ကဒူးကြီးဒေသရှိ ခန့်မှန်း မြေပုံညွှန်းအမှတ်- 94 E/9(A-264 046, B-269 046, C-269 041, D-264 041)တွင် တည်ရှိပါသည်။

# ထီးဒေးစတားကုမ္ပဏီလီမိတက်မှ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လင်းခေးခရိုင်၊ မောက်မယ်မြို့နယ်၊ ကဒူးကြီးဒေသအနီးရှိ မြေဧရိယာ ၂ ဧကတွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် ခဲသတ္တုသန့်စင်စက်ရုံလုပ်ငန်း၏ တည်နေရာပြမြေပုံ

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လင်းခေးခရိုင်၊ မောက်မယ်မြို့နယ်၊ ကဒူးကြီးကျေးရွာအုပ်စုတွင်
ထီးဒေးစတားကုမ္ပဏီလီမိတက်မှ ခဲနှင့်ရောရောသတ္တု တူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းများ
ဆောင်ရွက်နေသည့် လုပ်ကွက်၏ တည်နေရာပြမြေပုံ




ညွှန်းချက်

ခဲနှင့်ရောရောသတ္တု လုပ်ကွက်

A- 354319E , 2195278N

B- 354776E , 2195281N

C- 354779E , 2194823N


D- 354321E , 2194821N

မြေဧရိယာ - ၄၉.၅ ဧက


(၀.၂၀၀၃ စတုရန်းကီလိုမီတာ)

ခဲသတ္တုသန့်စင်စက်ရုံတည်နေရာ (354404E ,2195191N)

# ထီးဒေးစတားကုမ္ပဏီလီမိတက်မှ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လင်းခေးခရိုင်၊ မောက်မယ်မြို့နယ်၊ ကဒူးကြီးဒေသအနီးရှိ မြေဧရိယာ ၂ ဧကတွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် ခဲသတ္တုသန့်စင်စက်ရုံလုပ်ငန်း၏ Layout Plan



## ထီးဒေးစတားကုမ္ပဏီလီမိတက်မှ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လင်းခေးခရိုင်၊ မောက်မယ်မြို့နယ်၊ ကဒူးကြီးဒေသအနီးရှိ မြေဧရိယာ ၂ ဧကတွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် ခဲသတ္တုသန့်စင်စက်ရုံလုပ်ငန်း၏ Process Flow



နောက်ဆက်တွဲ (ခ)

**ကတိကဝတ်များ၊ စည်းကမ်းသတ်မှတ်ချက်များနှင့် အထွေထွေစည်းကမ်းများ**

**ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းအစီရင်ခံစာအရ လိုက်နာဆောင်ရွက်ရမည့် ကတိကဝတ်များ**

၆။ ထီးဒေးစတားကုမ္ပဏီလီမိတက်မှ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လင်းခေးခရိုင်၊ မောက်မယ်မြို့နယ်၊ ကဒူးကြီးဒေသအနီးရှိ မြေရိယာ(၂)ဧကတွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် ခဲသတ္တုသန့်စင်စက်ရုံလုပ်ငန်းအတွက် ညွှန်ကြားရေးမှူးရုံး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ရှမ်းပြည်နယ်၏ ၂၂-၁၁-၂၀၂၄ ရက်စွဲပါ စာအမှတ်၊ ပတ်ဝန်းကျင်/စက်မှု(၃၈၈၀/ ၂၀၂၄)ဖြင့် တင်ပြထားသည့် ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းအစီရင်ခံစာတွင် ဖော်ပြထားသည့် အောက်ပါ ကတိကဝတ်များကို အလေးထား လိုက်နာဆောင်ရွက်ရမည်-

(က) **မူဝါဒ၊ ဥပဒေနှင့် လုပ်ထုံးလုပ်နည်း။** စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းဥပဒေများ၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး(ထုတ်လွှတ်မှု)လမ်းညွှန်ချက်များနှင့် စီမံကိန်းနှင့်သက်ဆိုင်သည့်အခြား မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများကို လိုက်နာဆောင်ရွက်ရမည်။

(ခ) **စီမံကိန်းဆောင်ရွက်မည့် ဆောင်ရွက်ပုံအဆင့်ဆင့်။** လုပ်ငန်းစဉ်ဆောင်ရွက်မှုအနေဖြင့် ခဲသတ္တုသန့်စင် ထုတ်လုပ်ရာတွင် အမြှုပ်ဖော်သန့်စင်နည်းစနစ်ဖြင့် ဆောင်ရွက်မည် ဖြစ်ပါသည်။ သတ္တုရိုင်းများကို ကျောက်ကြိတ်ခွဲစက်ဖြင့် ခွဲကြိတ်ပြီး အမြှုပ်ဖော်သန့်စင်စက်ရုံသို့ ပို့ဆောင်ပြီး ကြိတ်ခွဲစက်မှ ထွက်ရှိလာသော ခဲသတ္တုရိုင်းများကို Ore Bin မှ ခွက်ထဲတွင် စုထည့်ပြီး Swing Feeder သတ္တု ရိုင်းများကို ဖွင့်ချပေးပြီး Swing Feeder ဖြင့် ဖွင့်ချလာသော သတ္တုရိုင်းများအား Ball Mill အတွင်း ဝင်ရောက်ပြီး ရေနှင့် Ball Mill အတွင်းတွင် 90 mm ရှိ သံလုံးများ ထည့်သွင်းပြီး သတ္တုရိုင်းများကို အမှုန့်အဖြစ် ကြိတ်ခွဲခြင်း၊ Ball Mill အတွင်း အမှုန့်အဖြစ် ကြိတ်ပြီးသော သတ္တုရိုင်းများကို ဇကာဖြင့်ခံပြီး အပြင်ဘက်သို့ ထွက်ရှိလာသော သတ္တုရိုင်းမှုန့်များကို Classified မှတစ်ဆင့် သယ်သွားပြီး အမှုန့်အဖြစ် ထွက်ရှိလာသော သတ္တုရိုင်းအရည်များကို Classifier မှတစ်ဆင့် ရောမွှေစက်အတွင်း မစီးဆင်းမီ ဓာတုနှစ်မျိုးဖြစ်သော Leadnitrate နှင့် Aero float dithio phorprastate ဖြင့် ဓာတုဖျော်ရည် ရောစပ်ထည့်သွင်း၍ ရောမွှေစက်အတွင်း ရောမွှေစေပြီး Floatation Cell ကန်တွင်း ဝင်ရောက်စေခြင်းနှင့် Floatation Cell ကန်တွင်းမှ အမြှုပ်အဖြစ် ထွက်ရှိလာသော Concentrate စုကန်အတွင်းတွင် စုပုံ၍သန့်စင်ပြီး ခဲများအား ခဲစုကန်တွင် စုဆောင်းသိမ်းဆည်းမည် ဖြစ်ပါသည်။

(ဂ) **မြေအရည်အသွေးစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) တူးဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် အနည်းဆုံး ပမာဏကိုသာ ဖယ်ရှားခြင်းနှင့် သီးခြားစုပုံ၍ စနစ်တကျ ထိန်းသိမ်းရန်၊

(၂) ယာယီအဆောက်အဦများကို လိုအပ်သလောက်သာ တည်ဆောက် အသုံးပြုရန်၊

(၃) လုပ်ငန်းပိတ်သိမ်းချိန်တွင် မြေဆီလွှာ ဖုံးအုပ်ခြင်းနှင့် မြေအရည်အသွေး ပြန်လည်တိုင်းတာစစ်ဆေးရန်၊

(၄) ဖုန်မှုန့်ပျံ့လွင့်မှု လျော့နည်းစေရန် လုပ်ငန်းသုံးသန့်စင်စွန့်ပစ်ရေများ အသုံးပြု၍ ရေဖျန်းခြင်းများ ဆောင်ရွက်ရန်၊

(၅) မြေနေရာအလွတ်များတွင် သစ်ပင်များ စိုက်ပျိုးခြင်းနှင့် လုပ်ငန်းပိတ်သိမ်းချိန်တွင် ဒေသနှင့်သင့်လျော်သည့် အစားထိုးသစ်ပင်များ စိုက်ပျိုးရန်၊

(၆) မိုးရာသီကာလတွင် မိုးရေတိုက်စား၍ စွန့်ပစ်မြေစာပုံမှ နုန်းအနည်အနှစ်များ ပျံ့နှံ့၍ မြေထုညစ်ညမ်းမှု မဖြစ်စေရန် စွန့်ပစ်မြေစာပုံပတ်လည်တွင် ရေနုတ်မြောင်းများ တူးဖော်ခြင်း၊ စွန့်ပစ်မြေစာပုံအပေါ် မျက်နှာပြင်အား မြေညှိ၍ မြေသိပ်သည်းစေရန် ပြုပြင်ရန်နှင့် ဘေးနံရံများအား လှေကားထစ်ပုံ ပြုလုပ်၍ မြက်များ စိုက်ပျိုးခြင်းတို့ ဆောင်ရွက်ရန်၊

(၇) မြေအောက်စိမ့်ထွက်ရေများ ထွက်ရှိပါက အပတ်စဉ် ချဉ်ဖန်ဓာတ် pH တိုင်းတာစစ်ဆေးရန်နှင့် pH, Chloride, Turbidity, Total Hardness, Sodium Chloride, Sulphate, Maganese, Iron, Arsenic, Cu, Pb, Zn စသည့်ပါရာမီတာများအား (၆)လချင်တစ်ကြိမ် အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး(ထုတ်လွှတ်မှု)လမ်းညွှန်ချက်များအတိုင်း သန့်စင်စွန့်ပစ်ရန်။

(ဃ) **မြေပေါ်ရေ/ မြေအောက်ရေအရည်အသွေး စီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) နုန်းစစ်ကန်များ ပြုလုပ်၍ အနည်ထိုင်စေခြင်း၊ စွန့်ပစ်ကန်များတွင် ထုံးဓာတ်ထည့်ရန်နှင့် ရေစစ်ကန်များ ပြုလုပ်၍ စနစ်တကျ သန့်စင် စွန့်ပစ်ရန်၊

(၂) ရေနုတ်မြောင်းများ စနစ်တကျ သွယ်တန်းစီးဆင်းမှု ရှိ/မရှိ ပုံမှန် စစ်ဆေးရန်၊

(၃) မြေအောက်စိမ့်ထွက်ရေများ ထွက်ရှိပါက အပတ်စဉ် ချဉ်ဖန်ဓာတ် pH တိုင်းတာ စစ်ဆေးရန်နှင့် pH, Chloride, Turbidity, Total Hardness, Sodium Chloride, Sulphate, Maganese, Iron, Arsenic, Cu, Pb, Zn စသည့်ပါရာမီတာများအား (၆)လချင်တစ်ကြိမ် အမျိုးသားပတ်ဝန်းကျင်

ဆိုင်ရာ အရည်အသွေး(ထုတ်လွှတ်မှု)လမ်းညွှန်ချက်များအတိုင်း သန့်စင်စွန့်ပစ်ရန်၊

(၄) စက်သုံးဆီကန်များ စိမ့်ထွက်ခြင်းနှင့် စက်ဆီပေါင်းများ စွန့်ပစ်ရာမှ မြေကြီးပေါ်သို့ တိုက်ရိုက်မရောက်ရှိစေရန် ထိန်းသိမ်းဆောင်ရွက်ရန်၊

(၅) မြေအောက်ရေလမ်းကြောင်းများ ပြောင်းလဲခြင်း မဖြစ်ပေါ်စေရန် မလိုအပ်သော ကျင်းများနှင့် လိုဏ်ခေါင်းများအား စနစ်တကျ ပိတ်သိမ်းရန်၊

(၆) သစ်တော/ သစ်ပင်ပြုန်းတီးခြင်းမှ လျှော့ချရန် အစားထိုးသစ်ပင်များ စိုက်ပျိုးရန်နှင့် Green Belt အစီအစဉ်များ ဆောင်ရွက်ရန်၊

(၇) မြေအောက်စိမ့်ထွက်ရေများ ထွက်ရှိပါက မြေအောက်ရေ အနည်ထိုင်ကန် (၂၀ ပေ x ၂၀ ပေ x ၁၀ ပေ)ရေစစ်ကန်များ ထားရှိ၍ အနည်ထိုင်စေပြီး အစားထိုးစိုက်ခင်းများအား ရေလောင်းခြင်းနှင့် ခဲနှင့်ရောရာသတ္တု သယ်ယူရာလမ်းများအား ရေဖျန်းရန်၊

(၈) မိုးရေနှင့် တောင်ကျစီးဆင်းရေများအတွက် ကြိုတင်ကာကွယ်ရန် စုပုံကွင်းနေရာတွင် အောက်ခံအဖြစ် ရွှံ့ကို ၁၅၀ ပေ x ၁၇၅ ပေ မြေစေးကို ဖိသိပ်၍ ရေမစိမ့်စေရန် Clay Layer ပေါ်တွင် ပလတ်စတစ်အထူခင်း၍ စုပုံစေပြီး ရေစစ်ကန်ပြုလုပ်၍ စုဆောင်းထားရှိပြီး ပြန်လည် အသုံးပြုရန်နှင့် ၎င်းရေအား ဓာတ်ခွဲစမ်းသပ်ပြီး လိုအပ်သလို ဓာတ်တိုး/ ဓာတ်လျှော့ ပြုလုပ်ရန်။

(ဂ) **ဆူညံသံ စီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းလုပ်ငန်းများအား နေ့အချိန်တွင်သာ ဆောင်ရွက်ရန်၊

(၂) အသံလုံကိရိယာပါသော မီးစက်၊ လေမှုတ်စက်နှင့် ယာဉ်ကြီးများ အသုံးပြုရန်၊ စက်များ ကြံ့ခိုင်မှု ရှိ/မရှိ ပုံမှန် စစ်ဆေးရန်နှင့် ပြုပြင်ထိန်းသိမ်းရန်၊

(၃) စက်ယန္တရားများ လှည့်ပတ်ရာတွင် ဝန်ထမ်းများအား တစ်ကိုယ်ရေသုံး ကာကွယ်ရေးပစ္စည်းများ ဝတ်ဆင် အသုံးပြုရန်နှင့် အလှည့်ကျစနစ်ဖြင့် ဆောင်ရွက်ရန်၊

(၄) စက်ရုံပတ်လည်တွင်သစ်ပင်ကြီးများအား Sound Barrier အဖြစ် စိုက်ပျိုးရန်၊

(၅) ဆူညံသံနှင့်တုန်ခါမှုအား အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု)လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်ရန်။

(ဃ) **လေအရည်အသွေး စီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လုပ်ငန်းခွင်အတွင်း ဖုန်မှုန့်ထွက်ရှိမှု လျှော့နည်းစေရန် လမ်းများအား တစ်ရက်လျှင်(၂)ကြိမ် ရေဖျန်းရန်၊

(၂) ယာဉ်ယန္တရားများအား သတ်မှတ် အမြန်နှုန်းအတွင်းသာ မောင်းနှင်ရန်၊

(၃) စီမံကိန်းအတွင်း Green belt စနစ် ကျင့်သုံးရန်၊

(၄) လုပ်ကွက်အတွင်းနှင့် စက်ရုံအတွင်း သယ်ယူသည့် လမ်းကြောင်းနှင့် စုပုံကွင်းတွင် အမှုန်အမွှား ထွက်ရှိမှုအား အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး(ထုတ်လွှတ်မှု)လမ်းညွှန်ချက်များအတိုင်း ရှိစေရန် ဆောင်ရွက်ရန်၊

(၅) ခဲသတ္တုရိုင်းများအား လုပ်ကွက်အတွင်းမှ စက်ရုံရှိ စုပုံကွင်းသို့ ယာဉ်ပေါ်သို့ တင်ရာတွင် လေတိုက်နှုန်းများသော အချိန်များတွင် ဆောင်ရွက်ခြင်း မပြုရန်။

(ဆ) **စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ကုန်ထုတ်စွန့်ပစ်ပစ္စည်းထွက်ရှိရာမှ 3Rs နည်းလမ်းဖြင့် စွန့်ပစ်ပစ္စည်း ထွက်ရှိမှု လျှော့ချခြင်း၊ ပြန်လည်သုံးစွဲခြင်းနှင့် ပြန်လည်ပြုပြင်ရန်၊

(၂) ဘေးအန္တရာယ်ရှိ ပစ္စည်းများ သုံးစွဲမှုပမာဏအား စာရင်းပြုစုထားခြင်းနှင့် ဓာတ်ခွဲခန်းသုံး ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများ စွန့်ပစ်ရာတွင် လိုက်နာဆောင်ရွက်ရမည့် အချက်များအား ပညာပေးခြင်းနှင့် ထုတ်ပြန်ခြင်း လုပ်ငန်းများ ဆောင်ရွက်ရန်၊

(၃) အတင်/အချကိရိယာ၊ ပြုပြင်ထိန်းသိမ်းရေး ရေိယာများမှ စက်ဆီချောများ၊ အမဲဆီများနှင့် ဘေးအန္တရာယ်ဖြစ်စေသော ပစ္စည်းများ ယိုဖိတ်မှုဖြစ်ပါက စုပ်ယူနိုင်သော ပစ္စည်းများဖြစ်သည့် လွှစာမှုန့်နှင့် သဲအစရှိသည်တို့ကို အသုံးပြု၍ ရှင်းလင်းရန်၊

(၄) ပြန်လည်အသုံးပြု၍မရသော စက်ဆီ/ချောဆီများအား မီးရှို့ ဖျက်ဆီးခြင်းနှင့် စီမံကိန်းနှင့် အနီးတစ်ဝိုက်ရှိ မြေဆီလွှာနှင့် ရေကန်များထဲသို့ လုံးဝ စွန့်ထုတ်ခြင်းမပြုရန်၊

(၅) ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများအား မြင်သာအောင် ချိတ်ဆွဲကပ်နှံ့ရန်။

(ဇ) **လုပ်ငန်းခွင်ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေး စီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) မြေအောက်တူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်စဉ်အတွင်း အောက်ဆီဂျင် ပြတ်လတ်ခြင်းများ မဖြစ်ပေါ်စေရန် လေမှုတ်စက်များ ပြည့်စုံကောင်းမွန်စေရန် စီမံခြင်းနှင့် အရန်အောက်ဆီဂျင်များ အဆင်သင့် ထားရှိရန်၊

(၂) လုပ်ကွက်အတွင်းရှိ ဝန်ထမ်းများနှင့် အနီးတစ်ဝိုက်ရှိ ကျေးရွာလူထုများအား အသိပညာ အဆင့်မြှင့်တင်ပေးရန်နှင့် အရေးပေါ်အခြေအနေ ဖြစ်ပွားပါက သက်ဆိုင်ရာဆေးရုံဆေးခန်းနှင့် နီးစပ်ရာကျန်းမာရေးဆေးပေးခန်းများ အမြန်ဆုံး ပို့ဆောင်နိုင်ရေး စီမံ ထားရှိရန်၊

(၃) လုပ်ငန်းခွင်အတွင်း ဘေးအန္တရာယ် မတော်တဆမှုများ မဖြစ်ပေါ်စေရန် လုပ်ငန်းသုံးပစ္စည်းများ စနစ်တကျ ရှိစေရန်၊ အသက်ကယ်ပစ္စည်းများ၊ ဆေးဝါး၊ ရေနှင့် အစားအသောက်များ ကြိုတင်စီမံ ထားရှိရန်။

(ဈ) **ဂေဟစနစ်နှင့် ဇီဝမျိုးစုံမျိုးကွဲများ စီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ကုန်ကြမ်းများ စုပုံခြင်း၊ စွန့်ပစ်ကုန်ကြမ်းများ ယာယီ စုပုံခြင်းနှင့် အဆောက်အဦများ တည်ဆောက်ခြင်းလုပ်ငန်းများတွင် မြေယာအသုံးချမှု အနည်းဆုံးဖြစ်စေရေးအတွက် စီမံ ဆောင်ရွက်ရန်၊

(၂) လုပ်ကွက်နှင့် အနီးတစ်ဝိုက်ရှိ သဘာဝပေါက်ပင်များအား ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရန်၊

(၃) စီမံကိန်းအတွင်းရှိ နေရာအလွတ်များတွင် အစားထိုးသစ်ပင်များ ပြန်လည်စိုက်ပျိုးရန်၊

(၄) ဇီဝမျိုးစုံ/ မျိုးကွဲများ ကျက်စားနိုင်ရန်အတွက် သစ်ပင်သစ်တောများ ထိန်းသိမ်းရန်နှင့် ရေကန်များ တူးဖော်ပေးခြင်းတို့ ဆောင်ရွက်ရန်။

(ည) **မီးဘေးအန္တရာယ် စီမံခန့်ခွဲမှု အစီအစဉ်။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လုပ်ငန်းခွင်အတွင်း ဆေးလိပ်သောက်ခြင်းအား ကန့်သတ် တားမြစ်ရန်၊

(၂) လျှပ်စစ်ဝါယာကြိုးများအား ပုံမှန် ပြုပြင် ထိန်းသိမ်းရန်၊

(၃) ရုံး၊ စက်ရုံနှင့် ဂိုဒေါင်အဆောက်အဦတို့၏ ပတ်ဝန်းကျင်တွင် မီးလောင်လွယ်သည့် လောင်စာများ သိုလှောင်ခြင်း မပြုရန်၊

(၄) စက်ယန္တရားနှင့် မော်တော်ယာဉ်များတွင် ဒီဇယ်၊ ဓာတ်ဆီ ဖြည့်နေစဉ်အနီးအနားတွင် ဆေးလိပ်သောက်ခြင်း၊ ဖုန်းပြောဆိုခြင်းနှင့် အလင်းရောက်မလုံလောက်သော အချိန်တွင် လျှပ်စစ်မဟုတ်သော မီးဖြင့် ဆီတိုင်ကီနှင့်စက်အစိတ်အပိုင်းများအား ကြည့်ရှုစစ်ဆေးခြင်း မပြုရန်၊

(၅) ဖယောင်းတိုင်မီး၊ ရေနံဆီမီး၊ မီးခွက်များနှင့် ကာဗိုက်မီးခွက်များကို မီးလောင်လွယ်သော ပစ္စည်းများအပေါ်တွင် ထွန်းညှိခြင်း မပြုရန်။

(ဋ) **စောင့်ကြပ်ကြည့်ရှုမည့် အစီအစဉ်။** အောက်ပါအတိုင်းလိုက်နာဆောင်ရွက်ရမည်-

(၁) လေအရည်အသွေးနှင့်ပတ်သက်၍ Acid Mists/Gases, Ammonia, Arsenic, Carbon Monoxide and Carbonyls, Chlorine, Dioxins, Dust, Hydrogen Chloride, Hydrogen Fluoride, Mercury, NO, $SO_2$, Total Fluoride, Polyfluo rinated Hydrocarbons, Total Organic Carbon, Volatile

OrganicCompounds/ Solvents တို့ကို စက်ရုံဝန်းအတွင်း အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး(ထုတ်လွှတ်မှု) လမ်းညွှန်ချက်နှင့်အညီ တစ်နှစ်လျှင်နှစ်ကြိမ် စောင့်ကြည့်စစ်ဆေးခြင်းနှင့် ကုန်ကျငွေ ကျပ်(၁၅)သိန်းသုံးစွဲရန်၊

(၂) ဆူညံသံ NoiseLevel အား(dBA)ဖြင့် ဖော်ပြပြီး စက်ရုံဝန်းအတွင်း အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး(ထုတ်လွှတ်မှု) လမ်းညွှန်ချက်နှင့်အညီ တစ်နှစ်လျှင်နှစ်ကြိမ် စောင့်ကြည့်စစ်ဆေးခြင်းနှင့် ကုန်ကျငွေ ကျပ်(၁၀)သိန်းသုံးစွဲရန်၊

(၃) ရေအရည်အသွေးနှင့်ပတ်သက်၍ Aluminium, Ammonia, Arsenic, Cadmium, Chemical Oxygen Demand, Copper, Fluoride, Hydrocarbons, Lead, Mercury, Nickel, pH, Temperature Increase, Total Suspended Solids, Zinc စသည့်ပါရာမီတာများအား စက်ရုံမှ ထွက်ရှိသော စွန့်ပစ်ရေနှင့်နန့်အွန်လေးရွာရှိ အဝီစိရေတွင်းတို့တွင် အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး(ထုတ်လွှတ်မှု) လမ်းညွှန်ချက်နှင့်အညီ (၃)လလျှင်တစ်ကြိမ် စောင့်ကြည့်စစ်ဆေးခြင်းနှင့် ကုန်ကျငွေ ကျပ်(၁၀)သိန်း သုံးစွဲမည်ဖြစ်ကြောင်း၊

(၄) မြေအရည်အသွေးနှင့်ပတ်သက်၍ As,Pb, Hg, Cd, Mo, Cr, Cu, Zn, pH, $Al_2O_3$ စသည့်ပါရာမီတာများအား အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး(ထုတ်လွှတ်မှု)လမ်းညွှန်ချက်နှင့်အညီ စွန့်ထုတ်မှု ရှိ/မရှိ၊ စွန့်ပစ်မြေစာပုံများနှင့်ဝန်းကျင်ရှိ လယ်မြေများတွင် မြေစာပုံများ ပြိုကျမှု မဖြစ်စေရန်နှင့် ကျင်းချိုင့်များအား ပြန်လည်မြေစာ ဖြည့်တင်းရန်နှင့် စိမ်းလန်းစိုပြည်ရေးအတွက် သစ်ပင်များ စိုက်ပျိုးခြင်း ရှိ/မရှိ (၃)လလျှင် တစ်ကြိမ် စောင့်ကြည့်စစ်ဆေးခြင်းနှင့် ကုန်ကျငွေ ကျပ်(၁၀)သိန်း သုံးစွဲရန်၊

(၅) စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုနှင့်ပတ်သက်၍ စက်ရုံအတွင်း စွန့်ပစ်ပစ္စည်းများ (အစိုင်အခဲ၊ အရည်)နှင့် ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများ စနစ်တကျစွန့်ပစ်မှု ရှိ/မရှိ (၃)လလျှင်တစ်ကြိမ် စောင့်ကြည့်စစ်ဆေးခြင်းနှင့် ကုန်ကျငွေ ကျပ်(၁၀)သိန်း သုံးစွဲရန်၊

(၆) ဇီဝမျိုးစုံမျိုးကွဲများ စီမံခန့်ခွဲမှုနှင့်ပတ်သက်၍ လုပ်ငန်းဧရိယာအတွင်းနှင့် အနီး ပတ်ဝန်းကျင်နေရာတို့တွင် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ နေ့စဉ်စောင့်ကြည့် စစ်ဆေးရန်နှင့် ကုန်ကျငွေ ကျပ် ၁၀ သိန်း သုံးစွဲရန်၊

(၇) အရေးပေါ်အခြေအနေ တုံ့ပြန်ရေးအစီအစဉ် စီမံခန့်ခွဲမှုနှင့်ပတ်သက်၍ လုပ်ငန်းခွင်အတွင်း နေ့စဉ် စောင့်ကြည့်စစ်ဆေးရန်၊

(၈) လုပ်ငန်းခွင်ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ပတ်သက်၍ လုပ်ငန်းခွင်အတွင်း Toilets များ စနစ်တကျ သုံးစွဲမှု ရှိ/မရှိ နေ့စဉ် စစ်ဆေးခြင်းနှင့် ဝန်ထမ်းများအား ကျန်းမာရေးစစ်ဆေးမှုများ (၆)လလျှင် တစ်ကြိမ်ပုံမှန် စစ်ဆေးရန်၊

(၉) မီးဘေးအန္တရာယ် စီမံခန့်ခွဲမှုနှင့်ပတ်သက်၍ လုပ်ငန်းခွင်အတွင်း နေ့စဉ်စောင့်ကြည့်စစ်ဆေးရန်၊

(၁၀) ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများနှင့်ပတ်သက်၍ အမှိုက်ကျင်းများနှင့် ရေဆိုးစွန့်ပစ်ကျင်းများ စနစ်တကျ စွန့်ပစ်မှု ရှိ/မရှိ တစ်နှစ်လျှင် နှစ်ကြိမ်စောင့်ကြည့် စစ်ဆေးခြင်းနှင့် ကုန်ကျငွေ(၁၀)သိန်း သုံးစွဲရန်၊

(၁၁) လူမှုဝန်းကျင်အခြေအနေများ စီမံခန့်ခွဲမှုနှင့်ပတ်သက်၍ လုပ်ကွက်အတွင်းနှင့် လုပ်ကွက်အနီးရှိ ပတ်ဝန်းကျင်ကျေးရွာများ နေ့စဉ် စောင့်ကြည့် စစ်ဆေးခြင်းနှင့် ကုန်ကျငွေ(၃၀)သိန်း သုံးစွဲရန်။

(ဌ) **လုပ်ငန်းပိတ်သိမ်းခြင်း စီမံခန့်ခွဲမှု အစီအစဉ်။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) တူးဖော်ပြီး မြေများအား သီးသန့်စုပုံထားရှိ၍ အတားအဆီးနံရံများ ထားရှိမှု၊ ဆက်စပ်ဧရိယာရှိ ချောင်းများ၊ ရေတွင်းများ၊ ရေထွက်ပေါက်များမှ ရေနမူနာများယူ၍ တိုင်းတာစစ်ဆေးခြင်း၊ မြေဆီလွှာညစ်ညမ်းမှု ရှိ/မရှိ ပြန်လည်စစ်ဆေးရန်၊

(၂) တူးဖော်ပြီး ကျင်းချိုင့်များအား မြေပြန်လည် ဖြည့်တင်းခြင်းများ ဆောင်ရွက်ရန်နှင့် ဖုံးအုပ်ပြီးသော မြေနေရာများတွင် သစ်ပင်များ ပြန်လည်စိုက်ပျိုးရန်။

(ဍ) **တာဝန်ယူဆောင်ရွက်မည့် အဖွဲ့အစည်းများ။** ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း အစီရင်ခံစာ၊ စောင့်ကြပ်ကြည့်ရှုခြင်းအစီအစဉ်နှင့် လုပ်ငန်းပိတ်သိမ်းခြင်းအစီအစဉ်အတွက် တာဝန်ယူဆောင်ရွက်မည့် အဖွဲ့အစည်းတို့အား အစီရင်ခံစာ၌ ဖော်ပြထားသည့်အတိုင်း ဖွဲ့စည်းဆောင်ရွက်ရမည်။

(ဎ) **အများပြည်သူနှင့်တိုင်ပင်ဆွေးနွေးခြင်း။** အများပြည်သူနှင့်တိုင်ပင်ဆွေးနွေးခြင်းနှင့်စပ်လျဉ်း၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် သက်ဆိုင်ရာဒေသရှိဌာနဆိုင်ရာများနှင့် ပူးပေါင်းဆောင်ရွက်ရန်၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများနှင့် ချိတ်ဆက်ဆောင်ရွက်ရန်နှင့် စီမံကိန်းအနီးရှိ ဒေသခံပြည်သူများ၊ ဆက်စပ်ပတ်သက်သူများနှင့် စဉ်ဆက်မပြတ် တွေ့ဆုံဆွေးနွေးပြီး ၎င်းတို့၏ အကြံပြုချက်နှင့် လိုလားချက်များအား အလေးထား ပေါင်းစပ်ဆောင်ရွက်ရမည်။

(ဈ) **လျာထားအသုံးစရိတ်။** အောက်ပါအတိုင်း လျာထားသုံးစွဲရမည်-

(၁) စောင့်ကြပ်ကြည့်ရှုမည့်အစီအစဉ်အတွက် ကုန်ကျငွေ ကျပ်(၁၀,၀၀၀,၀၀၀) လျာထား သုံးစွဲရန်၊

(၂) ထိခိုက်မှုလျော့ပါးစေရေးအစီအစဉ်အတွက် ကုန်ကျငွေ ကျပ်(၁၀,၀၀၀,၀၀၀) လျာထားသုံးစွဲရန်၊

(၃) ဘေးအန္တရာယ်ကာကွယ်ရေး အစီအစဉ်အတွက် ကုန်ကျငွေ ကျပ်(၁၀,၀၀၀,၀၀၀) လျာထားသုံးစွဲရန်၊

(၄) လူမှုတာဝန်ဆောင်ရွက်ခြင်းအစီအစဉ်အတွက် ကုန်ကျငွေ ကျပ်(၁၀,၀၀၀,၀၀၀) လျာထားသုံးစွဲရန်၊

(၅) အများပြည်သူနှင့်တိုင်ပင်ဆွေးနွေးခြင်း အစီအစဉ်အတွက် ကုန်ကျငွေ ကျပ်(၁၀,၀၀၀,၀၀၀) လျာထားသုံးစွဲရန်၊

(၆) လုပ်ငန်းပိတ်သိမ်းခြင်းအစီအစဉ်အတွက် ကုန်ကျငွေ ကျပ်(၁၀,၀၀၀,၀၀၀) လျာထားသုံးစွဲရန်၊

(၇) လိုအပ်ပါက အစီရင်ခံစာပါ ဖော်ပြချက်များအတိုင်း ထပ်မံ ဖြည့်စွက် ဆောင်ရွက်ရန်။

**ပတ်ဝန်းကျင်နှင့်လူမှုရေးစီမံခန့်ခွဲမှုဆိုင်ရာ လိုက်နာဆောင်ရွက်ရမည့် စည်းကမ်းချက်များ**

၇။ စီမံကိန်းအဆိုပြုသူသည် အတည်ပြုထားသည့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ပါ ကတိကဝတ်များနှင့် အထက်အပိုဒ်(၆)တွင် ဖော်ပြထားသော ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း အစီရင်ခံစာအရ အကောင်အထည်ဖော်ဆောင်ရွက်ရမည့် ကတိကဝတ်များအပြင် အောက်ဖော်ပြပါ စည်းကမ်းချက်များ၊ သတ်မှတ်ချက်များကိုလည်း အပြည့်အဝ လိုက်နာဆောင်ရွက်ရမည်-

(က) **မူဝါဒ၊ ဥပဒေ၊ မဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ်ပါ စည်းကမ်းချက်များ။** အမျိုးသားပတ်ဝန်းကျင်ရေးရာမူဝါဒ၊ မြန်မာနိုင်ငံရာသီဥတု ပြောင်းလဲမှုဆိုင်ရာ မူဝါဒ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာ၊ မြန်မာနိုင်ငံရာသီဥတု ပြောင်းလဲမှုဆိုင်ရာပင်မလုပ်ငန်းစဉ်(၂၀၁၈-၂၀၃၀)၊ မြန်မာနိုင်ငံအမျိုးသား အဆင့် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု မဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ်(၂၀၂၀)တို့နှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည် -

(၁) စီမံကိန်းအဆိုပြုသူသည် ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းအစီရင်ခံစာ၊ စီမံကိန်းကတိကဝတ်အားလုံးနှင့် စည်းကမ်းချက်များကို အပြည့်အဝ အကောင်အထည်ဖော်ရမည့်အပြင် ယင်း၏ ကိုယ်စားစီမံကိန်းကို ဆောင်ရွက်ပေးသူ ကန်ထရိုက်တာနှင့် လက်ခွဲဆောင်ရွက်ပေးသူ ဆပ်ကန်ထရိုက်တာများအားလုံးသည် စီမံကိန်းအတွက် လုပ်ငန်းများဆောင်ရွက်ရာတွင်

သက်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများ၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းအစီရင်ခံစာနှင့် စည်းကမ်းချက်များအားလုံးကို အပြည့်အဝ လိုက်နာဆောင်ရွက်ရန်၊

(၂) စီမံကိန်းဆောင်ရွက်ခြင်းကြောင့် ပတ်ဝန်းကျင်ကို ခြိမ်းခြောက်နေသည့် ပြုမူလုပ်ဆောင်ချက်များကို ရှောင်ရှားခြင်း၊ တားမြစ်ခြင်းနှင့် ထိန်းချုပ်ခြင်းဖြင့် ပတ်ဝန်းကျင် ပျက်စီးမှုများ မဖြစ်စေဘဲ ကာကွယ်တားဆီးရန် သို့မဟုတ် အနည်းဆုံး ဖြစ်စေရန် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရန်၊

(၃) ရာသီဥတုပြောင်းလဲမှု လျှော့ချရေးနှင့် လိုက်လျောညီထွေဖြစ်စေရေးအတွက် ရေရှည်တည်တံ့သော သဘာဝသယံဇာတ စီမံအုပ်ချုပ်ခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများနှင့် သဘာဝဂေဟစနစ်များကို ထိန်းသိမ်းကာကွယ်ခြင်းနှင့် ပြန်လည်ပြုစုပျိုးထောင်ခြင်းတို့ကို မြှင့်တင်ဆောင်ရွက်ရန်၊

(၄) လက်တလောနှင့်ရေရှည်တွင် ဖြစ်ပေါ်လာနိုင်သည့် ရာသီဥတုပြောင်းလဲမှု၏ သက်ရောက်မှုများမှ ကြိုတင်ကာကွယ်ရေး၊ ပြန်လည်ထူထောင်ရေးနှင့် လူမှုကာကွယ်စောင့်ရှောက်ရေးတို့ကို ခိုင်မာအားကောင်းစေမည့် လုပ်ငန်းစဉ်များ ဆောင်ရွက်ထားရှိရန်၊

(၅) ရာသီဥတုကြောင့် ဖြစ်ပေါ်လာနိုင်မည့် ဘေးအန္တရာယ်များအတွက် ကြိုတင်ပြင်ဆင်ရန်နှင့် ပြန်လည်ထူထောင်လာနိုင်စေရန် အရင်းအမြစ်များ စုစည်းခြင်းနှင့် ခွဲဝေသုံးစွဲခြင်းတို့ဖြင့် ဘဏ္ဍာရေးလုပ်ငန်းလည်ပတ်မှုကို မြှင့်တင်ပေးနိုင်ရေးအတွက် အရပ်ဘက်လူ့အဖွဲ့အစည်းများနှင့်ပေါင်းစပ်ဆောင်ရွက်ရန်၊

(၆) အဆိုပြုစီမံကိန်းတည်ရှိရာနေရာသည် ရေကြီးရေလျှံမှုများ ဖြစ်ပွားလေ့ရှိသည့် ဒေသတွင် တည်ရှိခြင်းကြောင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ကိစ္စရပ်များကို သိရှိနားလည်ပြီး ဖြစ်ပေါ်နိုင်သည့် ဘေးအန္တရာယ်အလားအလာနှင့် သက်ရောက်မှုများကို တုံ့ပြန်နိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက် ထားရှိရန်၊

(၇) စီမံကိန်းဆောင်ရွက်ခြင်းကြောင့် မှန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှု ပိုမိုများပြားလာမည်ဖြစ်၍ ပတ်ဝန်းကျင် ပျက်စီးမှုများမဖြစ်စေဘဲ ကာကွယ်တားဆီးရန် သို့မဟုတ် အနည်းဆုံး ဖြစ်စေရန် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရန်၊

(၈) ရာသီဥတုဒဏ် ခံနိုင်ရည်ရှိပြီး ရေရှည်တည်တံ့သော ကာဗွန်ထုတ်လုပ်မှုနည်းသည့် အစိမ်းရောင်နည်းလမ်းများ၊ နည်းပညာများနှင့် အလေ့အကျင့်များကို ပိုမိုဦးစားပေး ဆောင်ရွက်ရန်၊

(၉) စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုနှင့်စပ်လျဉ်း၍ တစ်ဖက်ပါအတိုင်း ဆောင်ရွက်ရန် -

(ကက)စီမံကိန်းမှ ထွက်ရှိလာမည့် စွန့်ပစ်အမှိုက်များအား ချောင်းရေ၊ မြစ်ရေများအတွင်း တိုက်ရိုက် စွန့်ပစ်ခြင်းမပြုဘဲ သက်ဆိုင်ရာက စွန့်ပစ်ပစ္စည်း စုပုံစွန့်ပစ်ရန် သတ်မှတ်ထားသော နေရာများတွင် ဘေးအန္တရာယ်ကင်းစွာ စွန့်ပစ်ရန်၊

(ခခ) လုပ်ငန်းလည်ပတ်သည့်ကာလတွင် လုပ်ငန်းခွင်မှ ထွက်ရှိလာမည့် ဘေးအန္တရာယ်ရှိသော စွန့်ပစ်ပစ္စည်းများအား ဘေးကင်းစွာ စွန့်ပစ်နိုင်ရေး အမျိုးအစား ခွဲခြားခြင်းနှင့် စီမံခန့်ခွဲခြင်း လုပ်ငန်းများ ဆောင်ရွက်ရန်၊

(ဂဂ) စွန့်ပစ်ပစ္စည်းများအား သိမ်းဆည်းခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ စွန့်ပစ်ခြင်းတို့နှင့်ပတ်သက်၍ ပြန့်ကျဲထွက်ကျမှု၊ အနံ့အသက်ဆိုးများ ထွက်ရှိမှု၊ ဆူညံမှု၊ တုန်ခါမှုတို့ မရှိစေရေး လိုက်နာဆောင်ရွက်ရန်၊

(ဃဃ)စီမံကိန်းမှ ထွက်ရှိသော စွန့်ပစ်ပစ္စည်းနှင့် ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများ စီမံဆောင်ရွက်ထားရှိမှုကို စောင့်ကြပ်ကြည့်ရှုစစ်ဆေးနိုင်ရေးအတွက် စွန့်ပစ်ပစ္စည်းဆိုင်ရာ မှတ်တမ်းပုံစံ ထားရှိဆောင်ရွက်ရန်၊

(ငင) စီမံကိန်းမှ ထွက်ရှိလာမည့် ဘေးအန္တရာယ်ရှိသော စွန့်ပစ်ပစ္စည်းများအား ဘေးကင်းစွာ စွန့်ပစ်နိုင်ရေး အမျိုးအစား ခွဲခြားခြင်းနှင့် စီမံခန့်ခွဲခြင်း လုပ်ငန်းများ ဆောင်ရွက်ရန်၊

(စစ) စီမံကိန်းမှ ထွက်ရှိလာမည့် စွန့်ပစ်ပစ္စည်းများနှင့်ပတ်သက်၍ ထွက်ရှိမှုလျှော့ချခြင်း၊ ပြန်လည်သုံးစွဲခြင်းနှင့် ပြန်လည်ပြုပြင်ထုတ်လုပ်ခြင်းဖြင့် စွန့်ပစ်ပစ္စည်း ထွက်ရှိမှုများကို ကာကွယ်ဆောင်ရွက်ရန်၊

(ဆဆ)စီမံကိန်းမှ ထွက်ရှိလာမည့် စွန့်ပစ်ပစ္စည်းများ စီမံခန့်ခွဲမှုအတွက် အစဉ်လည်ပတ်နေသည့် ရန်ပုံငွေထားရှိ ဆောင်ရွက်ရန်၊

(ဇဇ) သန့်ရှင်းသောမြို့အဖြစ် တည်ဆောက်ခြင်းအားဖြင့် ကမ္ဘာလှည့်ခရီးသည်များအား ဆွဲဆောင်နိုင်စေရေး ပြည့်စုံကောင်းမွန်သော စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုများကို ဆောင်ရွက်ရန်။

(၁) **စံချိန်စံညွှန်းစည်းကမ်းချက်များ။** စံချိန်စံညွှန်းစည်းကမ်းချက်များနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လေအရည်အသွေးနှင့် ပတ်သက်၍ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး(ထုတ်လွှတ်မှု)လမ်းညွှန်ချက်၏ အထွေထွေလမ်းညွှန်ချက်ပါ အပိုဒ် ၁.၁ သတ်မှတ်ချက်နှင့်အညီ လိုက်နာဆောင်ရွက်ရန်၊

(၂) ဆူညံသံ၊ အလုပ်စခန်းများ၊ မိလ္လာစနစ်များ၊ အိမ်တွင်းရေဆိုးများနှင့် စပ်လျဉ်း၍ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး(ထုတ်လွှတ်မှု) လမ်းညွှန်ချက်၊ အထွေထွေလမ်းညွှန်ချက်ပါ သတ်မှတ်ချက်နှင့်အညီ လိုက်နာဆောင်ရွက်ရန်၊

(၃) အနံ့စီမံခန့်ခွဲမှုနှင့်စပ်လျဉ်း၍ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု)လမ်းညွှန်ချက်အပိုဒ် ၁.၄ ပါ Parameter များ တိုင်းတာ၍ သတ်မှတ်ချက်နှင့်အညီ လိုက်နာဆောင်ရွက်ရန်၊

(၄) ဆူညံသံအတွက် စီမံကိန်းဧရိယာပြင်ပရှိ အနီးဆုံးလက်ခံသည့်နေရာတွင် အခြေခံအဆင့်မှ အများဆုံးမြင့်တက်မှု ၃ dBA ထက် မကျော်လွန်စေရေး လိုက်နာဆောင်ရွက်ရန်၊

(၅) မြေပေါ်ရေအရည်အသွေး စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်အား အမျိုးသား မြေပေါ်ရေအရည်အသွေးစံချိန်စံညွှန်းများ(၂၀၂၄)ပါ သတ်မှတ်ချက်များနှင့် အညီ လိုက်နာဆောင်ရွက်ရန်၊

(၆) စီမံကိန်းနှင့်ဆက်စပ်သော အခြားသက်ဆိုင်ရာ မူဝါဒ၊ ဥပဒေနှင့်သတ်မှတ်ချက် များကို လိုက်နာဆောင်ရွက်ရန်၊

(၇) စီမံကိန်းတွင် အသုံးပြုသည့် စက်ပစ္စည်းများနှင့် ကုန်ကြမ်းပစ္စည်းများ ပြောင်းလဲမှုရှိပါက ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနသို့ တင်ပြရန်။

(ဂ) **မြေအရည်အသွေး စီမံခန့်ခွဲရေးဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** အောက်ပါ အတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ကုန်ကြမ်းပစ္စည်းများ သိုလှောင်ထားရှိရာတွင် မြေဆီလွှာထိခိုက်မှု မရှိစေရေး စနစ်တကျ စီမံ ဆောင်ရွက်ထားရှိရန်၊

(၂) လောင်စာဆီများ ယိုဖိတ်မှု မရှိစေရေး စနစ်တကျ သိုလှောင်ထားရှိရန်။

(ဃ) **ရေအရည်အသွေး စီမံခန့်ခွဲရေးဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** အောက်ပါ အတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ရေစီးရေလာ ကောင်းမွန်စေရန်အတွက် စီမံကိန်းဧရိယာအတွင်းရှိ ရေမြောင်း များအား ပုံမှန် ပြုပြင်ထိန်းသိမ်းမှုများ ဆောင်ရွက်ရန်၊

(၂) စီမံကိန်းမှ ထွက်ရှိလာသည့် စွန့်ပစ်ရေများအား အမျိုးသားပတ်ဝန်းကျင် ဆိုင်ရာ အရည်အသွေး(ထုတ်လွှတ်မှု)လမ်းညွှန်ချက်များပါ သတ်မှတ်ချက် များနှင့်အညီ သန့်စင်မှုပြုလုပ်ပြီးမှ စွန့်ပစ်ရန်။

(င) **ဇီဝမျိုးစုံမျိုးကွဲ စီမံခန့်ခွဲရေးဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** ဇီဝမျိုးစုံမျိုးကွဲ စီမံခန့်ခွဲမှုအစီအစဉ်နှင့်စပ်လျဉ်း၍ စီမံကိန်းနှင့် အနီးပတ်လည်တွင် ဒေသနှင့်ကိုက်

ညီသော သစ်ပင်ပန်းမန်များ စိုက်ပျိုးပေးရန်နှင့် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်စေရေး အစီအမံများ ရေးဆွဲထားရှိ၍ အကောင်အထည်ဖော်ဆောင်ရွက်ရန်။

(စ) **ဒေသခံများနှင့် တိုင်ပင်ဆွေးနွေးခြင်းဆိုင်ရာ စည်းကမ်းချက်များ။** စီမံကိန်းအဆိုပြုသူသည် ဒေသခံများနှင့် တိုင်ပင်ဆွေးနွေးရေး လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ အောက်ပါအချက်များကို လိုက်နာဆောင်ရွက်ရမည်-

(၁) ဘေးအန္တရာယ်ရှိ လုပ်ငန်းများအပါအဝင် တည်ဆောက်ရေးလုပ်ငန်းများနှင့် ဆောင်ရွက်မည့် လုပ်ငန်းများကို ဒေသခံပြည်သူများသို့ ကြိုတင်အသိပေးရန်၊

(၂) ဒေသခံပြည်သူများ၊ ဆက်စပ်ပတ်သက်သူများနှင့် စီမံကိန်းအကောင်အထည်ဖော်သည့် ကာလတစ်လျှောက် စဉ်ဆက်မပြတ် တွေ့ဆုံဆွေးနွေးပြီး ၎င်းတို့၏ အကြံပြုချက်နှင့် လိုလားချက်များအား အလေးထား ပေါင်းစပ်ဆောင်ရွက်ရန်၊

(၃) ဒေသခံပြည်သူများ၊ ဆက်စပ်ပတ်သက်သူများနှင့် တိုင်ပင်ဆွေးနွေးခြင်း၊ ပူးပေါင်း ပါဝင်စေခြင်း၊ နစ်နာမှုဖြေရှင်းရေး လုပ်ငန်းစဉ်များကို လုပ်ငန်းဆောင်ရွက်နေစဉ်အတွင်း အကောင်အထည်ဖော် ဆောင်ရွက်သွားရန်။

(ဆ) **လုပ်ငန်းပိတ်သိမ်းခြင်းဆိုင်ရာ စည်းကမ်းချက်များ။** လုပ်ငန်းပိတ်သိမ်းခြင်းနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည် -

(၁) စီမံကိန်းသက်တမ်းကုန်ဆုံး၍ ပိတ်သိမ်းခြင်း သို့မဟုတ် မမျှော်လင့်သောကိစ္စရပ်များကြောင့် ရပ်ဆိုင်းရခြင်းတို့ဖြစ်ပါက စီမံကိန်းဧရိယာအတွင်း တည်ဆောက်ထားသည့် အဆောက်အဦများကို ပတ်ဝန်းကျင်ထိခိုက်မှု မရှိစေရေး စီမံဆောင်ရွက်ရန်၊

(၂) ဝန်ထမ်းများအား နစ်နာကြေး ပေးချေခြင်း၊ သင့်လျော်သည့် လုပ်ငန်းသို့ လွှဲပြောင်းတာဝန်ထမ်းဆောင်စေခြင်းတို့ကို တာဝန်ယူကြီးကြပ် ဆောင်ရွက်ရန်။

(ဇ) **အစီရင်ခံတင်ပြခြင်းဆိုင်ရာ စည်းကမ်းချက်များ။** ပတ်ဝန်းကျင်နှင့်လူမှုရေးဆိုင်ရာ စီမံခန့်ခွဲမှုအစီအစဉ်များ၊ စောင့်ကြပ်ကြည့်ရှုရေးအစီအစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍ အောက်ပါကိစ္စရပ်များ ဖြစ်ပွားပါက ဝန်ကြီးဌာနသို့ နှောင့်နှေးမှု မရှိစေဘဲ အစီရင်ခံတင်ပြရမည်-

(၁) ပစ္စည်းကိရိယာများ သို့မဟုတ် နည်းစနစ်များ မှားယွင်း အလုပ်လုပ်ခြင်း၊ ပျက်စီးခြင်း သို့မဟုတ် အလုပ်မလုပ်တော့ခြင်း၊

(၂) သိသာထင်ရှားသော ညစ်ညမ်းမှု ဖြစ်ပေါ်စေခဲ့သော(သို့မဟုတ်)ဖြစ်ပေါ်နေစေသော သို့မဟုတ် ဖြစ်ပေါ်စေနိုင်သော မတော်တဆမှုတစ်ခု ဖြစ်ပွားခြင်း

သို့မဟုတ် ထုတ်လွှတ်မှု ကန့်သတ်တန်ဖိုးဖြင့် ထိန်းချုပ်ထားခြင်း မရှိသည့် အရာဝတ္ထုတစ်ခု ထုတ်လွှတ်ခြင်း၊

(၃) သတ်မှတ်ဖော်ပြထားသည့် ကန့်သတ်တန်ဖိုး တစ်ခုခုကို ကျော်လွန်ခြင်း၊

(၄) ပတ်ဝန်းကျင်နှင့် သက်ရှိတို့၏ ကျန်းမာရေးတို့အပေါ် သိသာထင်ရှားသော ဆိုးကျိုးသက်ရောက်မှုများ ဖြစ်ပေါ်ခြင်း၊

(၅) စီမံကိန်းအဆိုပြုသူသည် ယင်း၏တာဝန်များ ပျက်ကွက်မှု သို့မဟုတ် အခြား လုပ်ငန်းများဆောင်ရွက်ရန်ပျက်ကွက်မှု သို့မဟုတ် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဆိုင်ရာ လိုက်နာဆောင်ရွက်မှု ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းအစီရင်ခံစာပါ အတိုင်း လိုက်နာဆောင်ရွက်ရန် ပျက်ကွက်မှုများကို ဖြစ်နိုင်သမျှ ဆောလျင်စွာ ဝန်ကြီးဌာနသို့ စာဖြင့် အသိပေး တင်ပြရမည်။ ပျက်ကွက်မှု တစ်ရပ်ရပ်ကြောင့် အန္တရာယ်ဖြစ်စေနိုင်သော ပတ်ဝန်းကျင်အပေါ် သက်ရောက်မှု ဖြစ်လာနိုင်သည့် အကြောင်းကိစ္စရပ် သို့မဟုတ် ဝန်ကြီး ဌာနက အမြန်သိရှိရန် လိုအပ်သည့် အကြောင်းကိစ္စရပ်ကို ၂၄ နာရီအတွင်း လည်းကောင်း၊ အခြားအကြောင်းကိစ္စရပ်များအားလုံးတွင် စီမံကိန်းအဆို ပြုသူက ယင်းဖြစ်စဉ်ဖြစ်ရပ်ကို စတင်သိရှိသည့်အချိန်မှ ၇ ရက်အတွင်း လည်းကောင်း ဝန်ကြီးဌာနသို့ အသိပေး တင်ပြရန်၊

(၆) စီမံကိန်း၏ အရွယ်အစား၊ နယ်ပယ်အတိုင်းအတာ၊ တည်နေရာ၊ အခင်း အကျင်း၊ နည်းပညာ၊ ကြိုတင်မျှော်မှန်းနိုင်သော ဆိုးကျိုးသက်ရောက်မှုကြောင့် ဖြစ်လာသည့် အန္တရာယ်၊ ထုတ်လုပ်မှုနည်းလမ်း သို့မဟုတ် ညစ်ညမ်းမှု တားဆီးရန် သို့မဟုတ် လျှော့ချရန် ဆောင်ရွက်မှုတို့တွင် အဓိက ပြောင်းလဲခြင်း သို့မဟုတ် တိုးချဲ့ခြင်း သို့မဟုတ် ဒုတိယတိုးချဲ့ဆောင်ရွက်ရန် အဆိုပြုခြင်းဖြစ်ပါက စီမံကိန်းအဆိုပြုသူသည် သတ်မှတ်ထားသော အချိန် ဇယားအတွင်း ပြောင်းလဲမှုများ၏ သတင်းအချက်အလက်များနှင့်အတူ ဝန်ကြီးဌာနသို့ တင်ပြရန်၊

(၇) စီမံကိန်းဧရိယာအတွင်း မမျှော်လင့်သော ဘေးအန္တရာယ်များကြောင့် လည်းကောင်း၊ ပတ်ဝန်းကျင်နှင့် လူမှုရေးအခြေအနေ ပြောင်းလဲမှုများကြောင့် လည်းကောင်း၊ ဖြစ်ပေါ်လာနိုင်သည့်ထိခိုက်မှုများအပေါ်မူတည်၍ သက်ဆိုင်ရာ ကဏ္ဍအလိုက် စီမံခန့်ခွဲမှုအစီအစဉ်များအား ဝန်ကြီးဌာနသို့ ပြန်လည် တင်ပြရန်၊

(၈) စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာ တင်ပြရာတွင် တစ်ဖက်ပါအချက်များ ပြည့်စုံစွာ ပါဝင်တင်ပြရမည်-

(ကက)စည်းကမ်းချက်များအားလုံးကို လိုက်နာကြောင်း သက်သေခံစာရွက်စာတမ်းအထောက်အထားများ၊

(ခခ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် အကောင်အထည်ဖော်မှုအတွက် တင်ပြထားသည့် အကောင်အထည်ဖော်မှု ဇယားအတိုင်း ဆောင်ရွက်ရာတွင် အစီရင်ခံသည့် အချိန်အထိတိုးတက်မှု၊

(ဂဂ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အား အကောင်အထည်ဖော်ရာတွင် တွေ့ကြုံရသော အခက်အခဲများ၊ ယင်းအခက်အခဲများကို ကုစားရန် အကြံပြုချက်များနှင့် အလားတူ အခက်အခဲများ၊ အနာဂတ်တွင် တွေ့ကြုံရနိုင်မှုကို တားဆီးကာကွယ်ရန် သို့မဟုတ် ရှောင်လွှဲရန် အဆိုပြုသည့် ဆောင်ရွက်မှုများ၊

(ဃဃ)ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်သည့် အကြိမ်နှင့်အမျိုးအစား၊ အဆိုပြုသည့် ကုစားမှု ဆောင်ရွက်ချက်များနှင့် ကုစားမှု ပြီးမြောက်ရမည့် အချိန်သတ်မှတ်ချက်များ၊

(ငင) လုပ်ငန်းခွင်နှင့် လူမှုအဖွဲ့အစည်း၏ ကျန်းမာရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေး၊ ပတ်ဝန်းကျင်နှင့်စပ်လျဉ်း၍ ဖြစ်ပွားသော မတော်တဆမှုများနှင့် ဖြစ်စဉ်ဖြစ်ရပ်များ၊

(စစ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အရ သတ်မှတ်ထားသည့် သို့မဟုတ် အခြားလိုအပ်သည့် ပတ်ဝန်းကျင်ဆိုင်ရာ အတိုင်းအတာနှင့် စည်းကမ်းချက်များဆိုင်ရာ အချက်အလက်များအား စောင့်ကြပ်ကြည့်ရှုမှု။

(၉) စီမံကိန်းအဆိုပြုသူသည် တည်ဆောက်ရေးအဆင့်လုပ်ငန်းများ ဆောင်ရွက်ပြီးနောက်တွင် စီမံကိန်း၏ လုပ်ငန်းခွင်ပြမြေပုံများ၊ လုပ်သားနေရာထိုင်ခင်း စီမံချက်များ၊ တည်ဆောက်ရေးလုပ်ငန်းကို ဤပတ်ဝန်းကျင်ထိန်းသိမ်းရေး ဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်နှင့်အညီ ဆောင်ရွက်ခဲ့ကြောင်း အထောက်အထားများပါဝင်သည့် စီမံကိန်း၏ အပြီးသတ်လုပ်ငန်း အစီအစဉ်များကို ကနဦးတင်ပြမည့် စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်နှင့်ပူးတွဲ၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနသို့ တင်ပြရမည်။

(ဈ) **ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးဆိုင်ရာ စည်းကမ်းချက်များ။**

ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးနှင့်ပတ်သက်၍ တစ်ဖက်ပါတို့ကို လိုက်နာဆောင်ရွက်ရမည်-

(၁) ယဉ်ကျေးမှုအမွေအနှစ်နှင့် သက်ဆိုင်သည့် အထောက်အထားများ၊ ရှေးဟောင်းဝတ္ထုပစ္စည်းများ၊ ရှေးဟောင်းစီမံကိန်းဆောင်ရွက်မည့် နေရာဒေသများတွင် မြေပေါ်/မြေအောက်ရှိ ရှေးဟောင်းအဆောက်အဦများ တွေ့ရှိပါက ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနသို့ ချက်ချင်းဆက်သွယ် သတင်းပို့ အကြောင်းကြားရန်၊

(၂) စီမံကိန်းဆောင်ရွက်မည့် နေရာဒေသ၏ ဓလေ့ထုံးတမ်းစဉ်လာများ၊ ရိုးရာယဉ်ကျေးမှု အမွေအနှစ်များ၊ အထင်ကရနေရာများကို ထိန်းသိမ်းစောင့်ရှောက်ရန်။

(ည) **လူမှုတာဝန်သိ အစီအစဉ်ဆိုင်ရာ စည်းကမ်းချက်များ။** လူမှုတာဝန်သိအစီအစဉ်နှင့်စပ်လျဉ်း၍ အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းကြောင့် ထိခိုက်ခံစားရသူများအား လက်ရှိသို့မဟုတ် စီမံကိန်းမဆောင်ရွက်မီ ကာလထက်မနိမ့်ကျသော လူမှုစီးပွားရေးတည်ငြိမ်ခိုင်မာမှု ရရှိသည်အထိ ဆောင်ရွက်ပေးရန်နှင့် သက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်တည်ထောင်ရေးနှင့် ပြန်လည်နေရာချထားရေးအစီအစဉ်များကို စီမံကိန်းကြောင့် ထိခိုက်ခံစားရသူများ၊ သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများ၊ အခြားသက်ဆိုင်သူများနှင့် တိုင်ပင်ဆွေးနွေး၍ လိုအပ်သလို ပံ့ပိုးနိုင်ရေး စီစဉ်ဆောင်ရွက်ရန်၊

(၂) ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ(Community Development Plan)ဆောင်ရွက်ရာတွင် သက်ဆိုင်ရာဒေသရှိ ဌာနဆိုင်ရာများ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း(Township Development Plans) များနှင့် ချိတ်ဆက်ဆောင်ရွက်ရန်နှင့် စီမံကိန်းအနီးရှိ ဒေသခံပြည်သူများ၊ ဆက်စပ်ပတ်သက်သူများနှင့် စဉ်ဆက်မပြတ် တွေ့ဆုံဆွေးနွေးပြီး ၎င်းတို့၏ အကြံပြုချက်နှင့် လိုအပ်ချက်များအား အလေးထား ပေါင်းစပ်ဆောင်ရွက်ရန်။

(ဋ) **အများပြည်သူ သိရှိနိုင်ရေးဆိုင်ရာ စည်းကမ်းချက်များ။** စီမံကိန်းအဆိုပြုသူသည် အတည်ပြုတင်ပြထားသည့် ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း အစီရင်ခံစာကို စီမံကိန်းနှင့် ဆက်စပ်ပတ်သက်သူများနှင့် အများပြည်သူများ သိရှိနိုင်ရေးအတွက် မြန်မာဘာသာဖြင့် ရေးသားဖော်ပြထားသော အကျဉ်းချုပ်အစီရင်ခံစာနှင့် လိုက်နာဆောင်ရွက်မည့် ပတ်ဝန်းကျင်နှင့်လူမှုဆိုင်ရာ ကတိကဝတ်များအား ဖြန့်ဝေအသိပေး ထုတ်ဖော်ကြေညာရမည်။

(ဌ) **စောင့်ကြပ်ကြည့်ရှုမှု အစီအစဉ်ဆိုင်ရာ စည်းကမ်းချက်များ။** စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်နှင့်စပ်လျဉ်း၍ တစ်ဖက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

ဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသို့ ၆ လ တစ်ကြိမ် တင်ပြရန်နှင့် အများပြည်သူ သိရှိစေရန် ဝန်ကြီးဌာနသို့ တင်ပြသည့် နေ့ရက်မှ ၁၀ ရက်အတွင်း ထုတ်ဖော်ကြေညာရန်၊

(၄) ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းအစီရင်ခံစာတွင် ဖော်ပြထားသည့် ကုစား ပြင်ဆင်ရေးလုပ်ငန်းများ၊ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ လိုက်နာ ဆောင်ရွက်ရန်နှင့် စောင့်ကြပ်ကြည့်ရှုရေးအစီအစဉ်တွင် ဖော်ပြထားသည့် ကတိကဝတ်အတိုင်း လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(၅) စီမံကိန်းအဆိုပြုသူသည် စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာအား ဤဝန်ကြီး ဌာနသို့ တင်ပြသည့် နေ့ရက်မှ ၁၀ ရက်အတွင်း အမျိုးသားလုံခြုံရေးဆိုင်ရာ ကိစ္စရပ်များမှတစ်ပါး အများပြည်သူ သိရှိနိုင်ရန် စီမံကိန်း၏ ဝက်ဘ်ဆိုဒ်တွင် လည်းကောင်း၊ စာကြည့်တိုက်များ၊ ပြည်သူ့ခန်းမများစသည့် အများပြည်သူ စုဝေးရာနေရာများတွင်လည်းကောင်း၊ စီမံကိန်းရုံးဌာနများတွင်လည်းကောင်း အများပြည်သူ သိရှိနိုင်စေရေး တင်ပြထားရှိရန်၊ မည်သည့်အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်မဆို စောင့်ကြပ်ကြည့်ရှုမှု အစီရင်ခံစာ၏ ဒီဂျစ်တယ် မိတ္တူကို တောင်းခံနိုင်ပြီး စီမံကိန်းအဆိုပြုသူသည် ယင်းတောင်းခံချက်ကို ရရှိပြီးနောက် ၁၀ ရက်အတွင်း ဒီဂျစ်တယ်မိတ္တူကို အီးမေးလ်ဖြင့်ဖြစ်စေ၊ တောင်းခံသူနှင့် သဘောတူညီထားသည့် အခြားနည်းလမ်းဖြင့်ဖြစ်စေ ပေးပို့ ရန်၊

(၆) စီမံကိန်းအဆိုပြုသူသည် ဝန်ကြီးဌာနက စောင့်ကြပ်ကြည့်ရှုခြင်း၊ စစ်ဆေး ခြင်းနှင့်စပ်လျဉ်း၍ အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရန် -

(ကက) စီမံကိန်းလုပ်ငန်းများ သို့မဟုတ် စီမံကိန်းနှင့် ဆက်စပ်သည့်လုပ်ငန်း များကို ဆောင်ရွက်နေသည့် စီမံကိန်းရုံး၊ စီမံကိန်း လုပ်ငန်းခွင် နေရာနှင့် အခြားမည်သည့် နေရာကိုမဆို ဝန်ကြီးဌာနမှဖြစ်စေ၊ ဝန်ကြီးဌာနအား ကိုယ်စားပြုသူများမှဖြစ်စေ ပုံမှန်အလုပ်ချိန်အတွင်း မည်သည့်အချိန်တွင်မဆို ဝင်ရောက်ကြည့်ရှုနိုင်ရေး ခွင့်ပြုရန်၊

(ခခ) အရေးပေါ်အခြေအနေတစ်ရပ် ဖြစ်ပေါ်လျှင်သော်လည်းကောင်း၊ စီမံကိန်းသည် သက်ဆိုင်ရာ ပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ သတ်မှတ်ချက်များအား ချိုးဖောက်သည် သို့မဟုတ် ချိုးဖောက်နိုင် ဖွယ်ရှိသည်ဟု ဝန်ကြီးဌာနက ထင်မြင်ယူဆလျှင် သော်လည်းကောင်း၊ ဝန်ကြီးဌာနက သတ်မှတ်သည့် မည်သည့်အချိန်တွင်မဆို စီမံကိန်း လုပ်ငန်းခွင်ရှိ မည်သည့်နေရာမဆို ချက်ချင်း ဝင်ရောက်နိုင်ရေး ခွင့်ပြုရန်၊

(ဂဂ) စီမံကိန်းအဆိုပြုသူသည် ဝန်ကြီးဌာနကစစ်ဆေးခြင်းကို ဆောင်ရွက်ရန် လိုအပ်သည့် ဓာတ်ပုံရိုက်ကူးခြင်း၊ အသံသွင်းခြင်း၊ ဗီဒီယိုရိုက်ကူးခြင်း၊ မြေသား၊ နုန်းအနည်အနှစ်၊ ရေနှင့်လေနမူနာများ ရယူခြင်းနှင့် ကွန်ပျူတာများကို စစ်ဆေးခြင်း၊ ဒီဂျစ်တယ်စာတွဲများ အပါအဝင် စာရွက်စာတမ်း အထောက်အထားများကို မိတ္တူကူးခြင်း၊ လူပုဂ္ဂိုလ်များကို တွေ့ဆုံမေးမြန်းခြင်းနှင့် လိုအပ်သည်ဟုယူဆသည့် အခြားစုံစမ်းစစ်ဆေးခြင်း အပါအဝင် မည်သည့်နည်းလမ်းဖြင့်မဆို စစ်ဆေးဆောင်ရွက်ခြင်းကို လိုက်နာဆောင်ရွက်ရန်၊

(ဃဃ)စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်စစ်ဆေးသည့် ကုန်ကျစရိတ်များ၊ စစ်ဆေးသူများအတွက် ကုန်ကျစရိတ်များ ကျခံခြင်းနှင့်ပတ်သက်၍ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း အပိုဒ် ၁၂၂ နှင့်အညီ စီမံကိန်းအဆိုပြုသူမှ ကျခံရန်။

(၃) **ရန်ပုံငွေထားရှိမှုဆိုင်ရာ စည်းကမ်းချက်များ။** ရန်ပုံငွေထားရှိမှုဆိုင်ရာ စည်းကမ်းချက်များနှင့်စပ်လျဉ်း၍ ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းအစီရင်ခံစာကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ရန်ပုံငွေထူထောင်ထားရှိရမည်။

**သက်သေခံလက်မှတ်ဆိုင်ရာ စည်းကမ်းချက်များ**

၈။ သက်သေခံလက်မှတ်ဆိုင်ရာ စည်းကမ်းချက်များနှင့်ပတ်သက်၍ အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရမည်-

(က) ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် သက်တမ်းသည် ထုတ်ပေးသည့်နေ့ရက်မှစ၍ (၅)နှစ် ဖြစ်သည်။ စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် သက်တမ်းမကုန်ဆုံးမီ ၆ လ ကြိုတင်၍ သက်တမ်းတိုးရန် ဝန်ကြီးဌာနသို့ လျှောက်ထားရန်၊

(ခ) စီမံကိန်းအဆိုပြုသူသည် သက်သေခံလက်မှတ်ရရှိပြီး ပထမ ၂ နှစ်အတွင်း စီမံကိန်း၏ အကောင်အထည်ဖော်မှုကို စတင်ဆောင်ရွက်ရမည်။ ထိုသို့ဆောင်ရွက်ခြင်းကို စတင်ဆောင်ရွက်သည့်နေ့မှ ရက်ပေါင်း ၃၀ ထက် နောက်မကျစေဘဲ ဦးစီးဌာနသို့ စာဖြင့် သတင်းပို့အကြောင်းကြားရမည့်အပြင် စီမံကိန်းကို အကောင်အထည်ဖော်ရာတွင်ပါဝင်သော ဆောင်ရွက်မှုများကို သတ်မှတ်ဖော်ပြရန်၊

(ဂ) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းအကောင်အထည်ဖော်မှုကို မည်သည့်အတွက်ကြောင့် စတင်နိုင်ခြင်း မရှိကြောင်းနှင့် စတင်အကောင်အထည်ဖော်နိုင်ရန် အချိန်ကာလ မည်မျှလိုအပ်ကြောင်းကို အကျိုးအကြောင်းဖော်ပြ၍ ထိုလိုအပ်သည့် ကာလ

အတွက် အချိန်တိုးပေးရန် တင်ပြချက်အရ ဝန်ကြီးဌာနက အချိန်တိုးပေးသည့် ကိစ္စမှတစ်ပါး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ရရှိပြီး၂ နှစ်အတွင်း စီမံကိန်းကို ထိရောက်စွာ အကောင်အထည်ဖော်မှုအား စတင်ဆောင်ရွက်ခြင်းမပြုလျှင် ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းအစီရင်ခံစာကို အသစ်ပြုလုပ်တင်ပြရန်၊

(ဃ) စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အောက်ပါအချက်များ တွေ့ရှိရပါက ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ပါ စည်းကမ်းချက်များကို ဝန်ကြီးဌာနမှ ပြင်ဆင်ခြင်း သို့မဟုတ် ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းအစီရင်ခံစာကို ပြန်လည်ပြင်ဆင်စေပြီးတင်ပြရန် ညွှန်ကြားပါက စီမံကိန်းအဆိုပြုသူက လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းကြောင့် အမှန်တကယ် ထိခိုက်မှု သို့မဟုတ် ထိခိုက်နိုင်မှုများကို လျှော့ချရန် ဆောင်ရွက်မှုများသည် ပြည့်စုံမှု မရှိခြင်း သို့မဟုတ် လုံလောက်မှု မရှိခြင်း၊

(၂) စီမံကိန်း၏ဆိုးကျိုးသက်ရောက်မှုများသည် မည်ကဲ့သို့ထိခိုက်မှုဖြစ်စေကြောင်း သို့မဟုတ် ဖြစ်စေနိုင်ကြောင်း သို့မဟုတ် ဖြစ်လာကြောင်း သိရှိနိုင်ရန် သတင်းအချက်အလက်သစ်များ ထွက်ပေါ်လာခြင်း၊

(၃) စီမံကိန်းသည် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအစီရင်ခံစာကို မူလအတည်ပြုခဲ့သည့်အချိန်မှ ကြိုတင်သိမြင်နိုင်ခြင်းမရှိသော ဆိုးကျိုးသက်ရောက်မှုများ ရှိခြင်း၊

(၄) စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုများသည် ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းအစီရင်ခံစာ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်နှင့် စည်းကမ်းချက်များ ထုတ်ပေးခြင်း၊ ပြင်ဆင်ခြင်း၊ တင်သွင်းခြင်းနှင့် အတည်ပြုခြင်းများအတွက် အခြေခံအချက်များ ထုတ်ဖော်ခဲ့စဉ်က မျှော်မှန်းထားသည့် ထိခိုက်မှုထက် ပိုမိုကြီးမားခြင်း၊

(၅) အကောင်းဆုံးရရှိနိုင်သော နည်းလမ်းအစီအမံဖွင့်ဆိုချက်အရ စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုကို ထူးခြားစွာ လျှော့ချနိုင်ခြင်း၊

(၆) စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုများကို စီမံကိန်းတွင် စီးပွားရေးအရ သိသိသာသာ အပိုကုန်ကျစရိတ် မဖြစ်စေဘဲ အလေ့အကျင့် ကောင်းများဖြင့် လျှော့ချနိုင်ခြင်း၊

(၇) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်တွင် သတ်မှတ်ထားသော နည်းလမ်းများ/ စည်းကမ်းချက်များသည်

ဆိုးကျိုးသက်ရောက်မှုများကို လျှော့ချရာတွင် မလိုအပ်တော့ဟု ဆုံးဖြတ်နိုင်ခြင်း။

**ပတ်ဝန်းကျင်ထိန်းသိမ်းရေး ရန်ပုံငွေဆိုင်ရာ စည်းကမ်းချက်များ**

၉။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ရန်ပုံငွေနှင့်စပ်လျဉ်း၍ အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရမည်-

(က) ပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းဥပဒေ ၃၀ နှင့်အညီ ညစ်ညမ်းမှု(ထုတ်လွှတ်မှု၊ စွန့်ပစ်ပစ္စည်း)ဖြစ်စေခြင်းအတွက် ပေးဆောင်ငွေများ၊ သယံဇာတ အသုံးပြုမှုနှင့် ဂေဟစနစ် ဝန်ဆောင်မှုများမှ အကျိုးရရှိခြင်းအတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ရန်ပုံငွေတွင် ပေးဆောင်ငွေများအဖြစ် ထည့်ဝင်ရန် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ကော်မတီ၏ အတည်ပြုချက်ဖြင့် ဝန်ကြီးဌာနက သတ်မှတ်ပါက စီမံကိန်းအဆို ပြုသူမှ ငွေကြေးထည့်ဝင်ရန်၊

(ခ) စီမံကိန်းအဆိုပြုသူသည် ငွေရေးကြေးရေးအာမခံချက်များအားလုံးကို ဝန်ကြီးဌာနမှ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ၏ အတည်ပြုချက်ဖြင့် သတ်မှတ်/ပြင်ဆင် တောင်းခံပါက ထည့်ဝင်ရန်။

**အထွေထွေစည်းကမ်းချက်များ**

၁၀။ စီမံကိန်းအဆိုပြုသူသည် စီမံကိန်းဒီဇိုင်းနှင့် စီမံကိန်းလုပ်ငန်းများကို ပြင်ဆင်ရန်ရှိပါက ဝန်ကြီးဌာနသို့ ကြိုတင်အသိပေးတင်ပြရမည်။

၁၁။ ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သည် လက်မှတ်ပါလုပ်ငန်းနှင့်သာ သက်ဆိုင်စေရမည်။

၁၂။ ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် လူမှုရေးဆိုင်ရာ လိုက်နာဆောင်ရွက်ရန်ဖြစ်ပြီး စီမံကိန်းလုပ်ငန်း ဆောင်ရွက်ခွင့်ပြုမိန့်မှာ သက်ဆိုင်ရာဌာန၏ မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်း၊ လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်ရန်ဖြစ်သည်။ စီမံကိန်းသက်တမ်းအတွင်း စစ်ဆေးမှု ပြုလုပ်ချိန်တွင် ခွင့်ပြုမိန့်စာရွက်စာတမ်း အထောက်အထားများအားလုံးကို တင်ပြရမည်။

၁၃။ စီမံကိန်းပိုင်ရှင်နှင့် အဆိုပြုထားသော လွှဲပြောင်းလက်ခံသူတို့၏ ပူးပေါင်းလျှောက်ထားချက် အရ ဤသက်သေခံလက်မှတ် သို့မဟုတ် ယင်း၏အစိတ်အပိုင်းတစ်ရပ်ရပ်ကို အဆိုပြုထားသော လွှဲပြောင်းလက်ခံသူထံ ဝန်ကြီးဌာန၏ ခွင့်ပြုချက်ရရှိပြီးမှသာ လွှဲပြောင်းရမည်။

၁၄။ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း အပိုဒ် ၁၀၂ အရ စီမံကိန်း အဆိုပြုသူသည် မိမိကိုယ်တိုင်ကြောင့်ဖြစ်စေ မိမိကိုယ်စားဆောင်ရွက်ရန် ခန့်ထားခြင်း သို့မဟုတ် ငှားရမ်းခြင်း သို့မဟုတ် အခွင့်အာဏာပေးခြင်း ပြုထားသည့် ကန်ထရိုက်တာ၊ လက်ခွဲဆောင်ရွက် ပေးသူ ဆပ်ကန်ထရိုက်တာ၊ အရာရှိ၊ အလုပ်သမား၊ ကိုယ်စားလှယ် သို့မဟုတ် အတိုင်ပင်ခံများ၏

ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုကြောင့်ဖြစ်စေ ပေါ်ပေါက်သည့် ဆိုးကျိုးသက်ရောက်မှုများ အားလုံးတို့အတွက် တာဝန်ရှိသည်။

၁၅။ စီမံကိန်းအဆိုပြုသူသည် ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ပါ စည်းကမ်းချက်များကို လိုက်နာမှုမရှိပါက ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူခြင်းခံရမည်။

---